# TradeNet 2.0 ကနဦးအဆင့် ဖွင့်လှစ်ခြင်း အခမ်းအနား

## *ကုန်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ အရှိန်မြှင့်တင်ရန်အတွက် အဆင့်မြှင့်တင်ထားသော ကုန်သွယ်ရေးစနစ်သစ်တစ်ခုကို မြန်မာနိုင်ငံမှ မိတ်ဆက်ခဲ့သည်။*

အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သော အခမ်းအနား ၊ နိုဝင်ဘာလ ၁၂ ရက် – စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်ခွင့်လိုင်စင်လျှောက်ထားခြင်းများကို အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးသည့် ကုန်သွယ်ရေးစနစ်၏ ပထမအဆင့်ကို ဖွင့်လှစ်ခဲ့ပါသည်။ အဆင့်မြှင့်တင်ထားသော ဒစ်ဂျစ်တယ်စနစ်သည် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကို ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စေရန် ဖြစ်ပါသည်။ ပထမအဆင့်အတွင်း ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များသည် TradeNet အသင်းဝင်ခွင့်နှင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းများကို စနစ်သစ်တွင် လျှောက်ထားနိုင်ပါမည်။ စနစ်သစ်တွင် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ အသင်းဝင်ခွင့်လျှောက်ထားမှုများကို မိတ်ဆက်သည့် အခမ်းအနားကို အွန်လိုင်းမှတစ်ဆင့်ပြုလုပ်ခဲ့ပြီး အစိုးရဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှအသင်းအဖွဲ့များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ ၂၀၂၁ ဇန်နဝါရီလတွင် အဆင့်မြှင့်တင်ထားသော စနစ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားပြီး ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်များနှင့် ကုန်ပစ္စည်းအမယ်များ အားလုံးအတွက်လိုအပ်သော စာရွက်စာတမ်းများ ကို အွန်လိုင်းမှ လျှောက်ထားနိုင်ပါမည်။ စီးပွားရေးနှင့်ကူးသန်းရေးဝန်ကြီးဌာနသည် တင်သွင်းလာသော လျှောက်လွှာများကို စိစစ်ခြင်းနှင့် ပို့ကုန်/သွင်းကုန်မှတ်ပုံတင်လက်မှတ်များ၊ ပို့ကုန်/သွင်းကုန်လိုင်စင်များနှင့် အခြား ဆက်စပ်ကတ်များကို အွန်လိုင်းမှ ထုတ်ပေးနိုင်တော့မည် ဖြစ်ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ အချိန်နှင့် ကုန်ကျစရိတ် သက်သာစေရန်အတွက် ကုန်သွယ်ခွင့်လိုင်စင်လျှောက်ထားမှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက် ရန် အရေးကြီးကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

> "အများပြည်သူထံဝန်ဆောင်မှုပေးတဲ့လုပ်ငန်းတွေဖြစ်တဲ့ ပို့ကုန်သွင်းကုန် လိုင်စင်နဲ့ဆက်စပ်လုပ်ငန်းတွေ အားလုံးကို Tradenet 2.0 စနစ်အသုံးပြုပြီး Online Service တွေနဲ့ ပိုမိုကောင်းမွန်အောင်၊ ပိုမိုရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်ပေးနိုင်တော့မှာ ဖြစ်တဲ့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ အင်တာနက်အသုံးပြုပြီး ကုန်သွယ်မှုဆက်စပ်လုပ်ငန်းတွေကို အချိန်ကုန်၊ ငွေကြေးကုန်ကျမှုသက်စွာဖြင့် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် စနစ်အကောင်အထည်ဖော်ရာ၌ ဌာန၏လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးသာမက ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက်ရှိ ဌာနများပါ ပါဝင်ဆောင်ရွက်နိုင်သည့် စနစ်တစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် လုပ်ငန်းစဉ်တလျှောက် တူညီစွာ အသုံးပြုသည့်အချက်များ

အား Single Entry စနစ် ဖြင့်ဆောင်ရွက်နိုင်စေရန်၊ National Single Window အထောက်အကူပြုစနစ် တစ်ခုဖြစ်လာစေရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ပါ ဆောင်ရွက်ခဲ့တဲ့အတွက် ကုန်သွယ်မှုလုပ်ငန်းစဉ်တွေကို ပိုမိုလွယ်ကူလျှင်မြန်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကုန်သည်လုပ်ငန်းရှင်များမှ စနစ်အားလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်သလို Tradenet 2.0 စနစ်သည် စနစ်မရှိသေးသည့် ကုန်သွယ်မှုဆက်စပ်ဌာနများပါ ပါဝင်အသုံးပြုနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော စနစ်တစ်ခုအဖြစ် ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ မှတ်ပုံတင်ခြင်းနှင့် လိုင်စင်ထုတ်ပေးရေးဆိုင်ရာ ဝန်ဆောင်မှုများပေးရန်အတွက် အကန့်အသတ်ရှိသော ကုန်သွယ်မှုကွန်ရက်စနစ်တစ်ခုကို အသုံးပြုခဲ့သည်။ ၂၀၁၈ ခုနှစ်မှ စတင်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ခေတ်မီနည်းပညာနှင့်အညီ အဆင့်မြှင့်တင်ထားသော အွန်လိုင်းစနစ်သစ်တစ်ခုဖြစ်သော TadeNet 2.0 ကို အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ နည်းပညာ နှင့် ငွေကြေးအကူအညီဖြင့် ဆောင်ရွက်ရန် ပြင်ဆင်ခဲ့သည်။

> “ကုန်သွယ်ခွင့်မှတ်ပုံတင်ခြင်းနဲ့လိုင်စင် ထုတ်ပေးလျှောက်ထားခြင်းတွေကို အော်တိုစနစ်ပြောင်းလဲပြီး ပိုမိုလွယ်ကူအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် မြန်မာနိုင်ငံမှာ ကုန်သွယ်မှုတွေ လျင်မြန်ချောမွေ့လာပြီး ကုန်ကျစရိတ်များ သက်သာလာစေနိုင်ပါတယ်။ ကုန်ထုတ်လုပ်သူတွေနဲ့ တောင်သူတွေအနေနဲ့ သူတို့ရဲ့ ကုန်ပစ္စည်းတွေကို ပြည်ပကို တင်ပို့တဲ့အခါ ဈေးကောင်းရရှိစေဖို့နဲ့ ပြည်ပကနေ တင်သွင်းတဲ့ သွင်းကုန်တွေကို စားသုံးသူတွေ ဈေးသက်သက်သာသာ နဲ့ ရရှိစေဖို့ကိုလည်း အထောက်အကူပြုနိုင်ပါမယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာပြည်သူတွေကို အားလုံးအကျုံးဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့ ပံ့ပိုးကူညီနေပါတယ်။ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ကုန်သွယ်ခွင့်မှတ်ပုံတင်ခြင်း နဲ့ လိုင်စင်ပါမစ်တွေ ကို ဒစ်ဂျစ်တယ် စနစ် နဲ့ လျှောက်ထားနိုင်အောင်ဆောင်ရွက်ပေးခြင်းဟာ ဒီပံ့ပိုးကူညီမှုရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်” ဟု USAID ရဲ့ ဌာနေညွှန်ကြားရေးမှူး မစ္စအလဲဂရပ်ဘ်စ် က ပြောကြားခဲ့ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် ကုန်သွယ်ခွင့်များလျှောက်ထားမှုကို လက်ခံခြင်းနှင့် ကုန်သွယ်ခွင့်မှတ်ပုံတင်ခြင်း နှင့် လိုင်စင်များထုတ်ပေးခြင်းကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်မှု သည် Covid-19ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် အချိန်ကာလတွင် အရေးပါလှသည်။ ရုံးတွင် လူအများစုဝေးခြင်းများ ကို လျှော့နည်းစေပြီး အစိုးရ၏ Covid-19 စီးပွားရေးကုစားမှုအစီအစဉ် နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးစီမံချက်ကိုလည်း ကူညီပံ့ပိုးရာ ရောက်စေသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီနှင့် ပူးပေါင်းပြီး TradeNet2.0 ကနဦးအဆင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ပါသည်။ အစိုးရဌာနများမှအဆင့်မြင့်အရာရှိများ ၊ အခြားအလှူရှင်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါသည်။